# မြန်မာ့သစ်တောပညာ နှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်အား ဂုဏ်ပြုရန်နှင့် နိုင်ငံတော်အတွက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာပညာရပ်များ၏ အရေးပါမှုကို အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး မြန်မာ့သစ်တောပညာ နှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ပြင်ဆင်လျက်ရှိရာ ရာပြည့်အခမ်းအနားများ၊ အထိမ်းအမှတ်စာစောင်၊ အမှတ်တရပစ္စည်းများ ထုတ်ဝေရာတွင် အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းအတွက် ပြိုင်ပွဲဝင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

## ၂။ စည်းကမ်းသတ်မှတ်ချက်များ

(က) စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) အထိမ်းအမှတ်တံဆိပ် Logo သည် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ အခန်းကဏ္ဍ၊ Vision, Mission နှင့် မြန်မာ့သစ်တောပညာ နှစ် (၁၀၀) ရာပြည့်အထိမ်းအမှတ်ကို ကိုယ်စားပြုနိုင်သော အမှတ်တံဆိပ် ဖြစ်ရမည်။

(ဂ) ပုံများကို ရေးဆွဲရာတွင် နှစ်သက်ရာ ဆေး၊ နှစ်သက်ရာနည်းစနစ်ကို အသုံးပြုနိုင်ပြီး Logo ဒီဇိုင်းကို JPEG Format ဖြင့် ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရွေးချယ်ခံရပါက မူရင်းဖိုင်ကို တင်ပြရမည်။

(ဃ) Logo ဒီဇိုင်းကို မိမိကိုယ်ပိုင် စိတ်ကူးနှင့် ကိုယ်တိုင်ရေးဆွဲသော ပုံဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပြီး ယှဉ်ပြိုင်ရမည်။ Logo ဒီဇိုင်းတွင် ပါဝင်သော အမှတ်လက္ခဏာများသည် ပြည်တွင်း၊ ပြည်ပရှိ တရားဝင်မှတ်ပုံတင်ထားသည့် တံဆိပ်များ၊ အမှတ်အသားများ မဖြစ်ရပါ။

(င) Logo ဒီဇိုင်းတွင် ပါဝင်သော အမှတ်လက္ခဏာများ၏ အဓိပ္ပာယ်ကို စာကြောင်းရေ အနည်းငယ်ဖြင့် ကျစ်လစ်သိပ်သည်းစွာ ရေးသားဖော်ပြပေးရမည်။

(စ) ပြိုင်ပွဲဝင်တစ်ဦးလျှင် Logo ဒီဇိုင်း (၁) ခုမှ (၂) ခုအထိ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် အထိမ်းအမှတ်တံဆိပ် Logo ဒီဇိုင်းပုံများ၏ နောက်ကျောတွင် အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ် အပြည့်အစုံ ဖော်ပြပါရှိရမည်။

(ဆ) ပြိုင်ပွဲဝင်ပုံများကို ၃၀-၉-၂၀၂၂ ရက် နောက်ဆုံးထား၍ ပါမောက္ခချုပ်ရုံး၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ် (ဖုန်း ၀၆၇၃-၄၁၀၆၆၈၁၊ Email – uof.yezin@googlemail.com သို့ ပေးပို့ရမည်ဖြစ်သည်။

၃။ ပြိုင်ပွဲဝင်အထိမ်းအမှတ် Logo ဒီဇိုင်းပုံများကို ရွေးချယ်ရေးအဖွဲ့က စိစစ်၍ အကောင်းဆုံးပုံတစ်ပုံကိုသာ ရွေးချယ်ပြီး ဆုငွေကျပ် သုံးသိန်း (၃၀၀,၀၀၀) ချီးမြှင့်မည်ဖြစ်သည်။

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**